ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း အကျဉ်းချုပ်

19.4.2022

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၁၀) ဦး	(၇) ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

ဧပြီလ(၁၉)ရက်နေ့က မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်၊ ကော်ဘရာစစ်ကြောင်းရှိသည့် တောင်ကုန်းသို့ လာရောက်တိုက်ခိုက်သော စကစအဖွဲ့များထိခိုက်ကျဆုံးမှုရှိခဲ့ရာ ခမရ ၁၀၈ မှ (၂)ဦး၊ ခမရ ၂၀၇ မှ (၃) ဦး၊ ခလရ ၁ မှ (၁) ဦး စုစုပေါင်း ၆ ဦးသေဆုံးခဲ့ပြီး (၄)ဦးမှာ ဒဏ်ရာပြင်းထန်ခဲ့သည်။

ကရင်နီ(ကယား)ပြည်နယ်

ဧပြီလ(၁၈)ရက်နေ့ညု(၈)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာထဲရှိ စကစတပ်ကို KRU တပ်ပေါင်းစုက ပြောက်ကျားဝင်ရောက်တိုက်ခိုက်ခဲ့ရာ စကစများ၏ ကျဆုံးထိခိုက်မှုများကို စုံစမ်းနေဆဲဖြစ်သည်။

စစ်ကိုင်းတိုင်း

- ဧပြီလ(၁၉)ရက်နေ့မနက်(၅:၃၀)နာရီခန့်က ကလေးမြို့နယ်၊ သာစည်ကျေးရွာတွင် စကစတပ်သားများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုများကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- ဧပြီလ(၁၈)ရက်နေ့ညနေ(၅:၃၀)နာရီခန့်က ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာတွင် တပ်စွဲထားသော စကစတပ်သား၊ပျူစောထီး စုပေါင်းအင်အား(၂၀)ခန့်ကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရွှေဘိုမြို့)တပ်ပေါင်းစု(၂)နှင့် မဟာမိတ်အဖွဲ့များက အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စကစတပ်သား(၁)ဦးသေဆုံးပြီး (၁) ဦးဒဏ်ရာရရှိခဲ့သည်။အဆိုပါတိုက်ပွဲသို့လိုင်းကျေးရွာမှ စစ်ကူလာသောစကစတပ်သား၊ ပျူစောထီးများ စီးနင်းလာသော ဆိုင်ကယ်(၅)ဦးကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရွှေဘို)တပ်ပေါင်းစု(၅)နှင့်မဟာမိတ်အဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ရာ စကစတပ်သား(၃)ဦး သေဆုံးခဲ့ပြီး (၃)ဦးဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်း

- ဧပြီလ(၁၉)ရက်နေ့မနက်(၄)နာရီခန့်က ကျောက်ဆည်မြို့နယ်၊သံရွာရဲစခန်းအား ဒေသတွင်းကာကွယ်ရေးအဖွဲ့များ ဖြစ်သော LPDF စဉ့်ကိုင်၊ ကျောက်ဆည် KDDF ၊ မြစ်ငယ် LPDF နှင့် တပ်ကုန်း LPDF အဖွဲ့တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ သံရွာရဲစခန်းလိုင်းခန်းများ မီးလောင်ပျက်စီးခဲ့သည်။
- ဧပြီလ(၁၉)ရက်နေ့မနက်(၃:၁၀)နာရီခန့်က မတ္တရာမြို့နယ်၊ သဖန်းကိုင်းရွာသို့ စကစများဝင်ရောက်ပြီး နေအိမ်(၈)လုံးမီးရှို့ခဲ့သည်။အဆိုပါမီးရှို့ပြီး ပြန်ထွက်လာသော စကစကား(၂)စီးနှင့်ဆိုင်ကယ်(၂)စီးတို့အား မြောင်သစ်ရွာအလွန်တွင် ဒေသကာကွယ်ရေးအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ဧပြီလ(၁၉)ရက်နေ့မနက်(၁၀:၀၅)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊သေးဆူလဲနှင့်ကုန်းသာအနီးတဝိုက်ရှိပြည်သူနေအိမ်များကို စကစတပ်သားများမှ မီးရှို့သွားကြောင်း သိရသည်။
- ဧပြီလ(၁၉)ရက်နေ့မနက်(၃)နာရီခန့်က ဒီးမော့ဆိုမြို့နယ်အနောက်ဘက်ခြမ်းတွင် ငွေတောင်အခြေစိုက် ခလရ(၁၀၄)တပ်မှ တာဝေးပစ်လက်နက်ကြီး(၁၅)လုံးထက်မနည်း ပစ်ခတ်ခဲ့ပြီး နောင်ပုလဲအုပ်စုလေးမိုင်ယပ်ခူကျေးရွာရှိ ဗုဒ္ဓဘုန်းကြီးကျောင်း (၁) လုံးကို လက်နက်ကြီးကျည်စထိမှန် ပျက်စီးခဲ့သည်။
- ဧပြီလ(၁၈)ရက်နေ့က ဒီးမော့ဆိုမြို့နယ်အနောက်ဘက်ခြမ်းတွင် စကစတပ်မှလက်နက်ကြီး(၁၀)လုံးထက်မနည်းပစ်ခတ်ခဲ့ရာ ပြည်သူပိုင်နေအိမ်(၁၀)လုံးခန့် ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ဧပြီလ(၁၉)ရက်နေ့က ပုလဲမြို့နယ်၊ တတင်းကျေးရွာသို့ စကစတပ်သားများ ရောက်ရှိခဲ့ပြီး နေအိမ် (၈၀)လုံးကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။
- ဧပြီလ(၁၈)ရက်နေ့ည(၇)နာရီခန့်က မုံရွာမြို့နယ်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ဝိမုတ္တိသုခကရားကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် အရှင်စုရိန္ဒကို စကစတပ်သားများ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီး သိက္ခာချ လူဝတ်လဲကာ အမှုဖွင့်အရေးယူခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်း

- ဧပြီလ(၁၈)ရက်နေ့မနက်ပိုင်းက ဂန့်ဂေါမြို့နယ်၊နှမ်းခါးကျေးရွာနေ ဦးစန်းဝင်းကို စကစတပ်သားနှင့် ပျူစောထီးအင်အား(၅၀)ခန့်မှ လက်ပြန်ကြိုးတုပ်သတ်ဖြတ်ခဲ့ပြီး နယ်မြေခံပြည်သူပိုင် ဆန်၊ ဆီ၊ မြေပဲများကို လုယူကာ နောက်ထပ်ဆန္ဒပြပါက ရွာကိုမီးရှို့မည်ဟု ခြိမ်းခြောက်သွားခဲ့သည်။
- ဧပြီလ(၁၈)ရက်နေ့က ပေါက်မြို့နယ်၊ကင်းမရွာကို စကစများက လက်နက်ကြီးများဖြင့် ပစ်ခတ်ဝင်ရောက် စီးနင်းကာ မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူပိုင်နေအိမ်(၁၉)လုံး မီးလောင်ပြာကျခဲ့သည်။

မန္တလေးတိုင်း

- ဧပြီလ(၁၈)ရက်နေ့ည(၁၁)နာရီခန့်က သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးအုပ်စု၊ ကျောက်ဖြူရွာရှိ NLD အလုပ်အမှုဆောင်ကော်မတီဥက္ကဌဖြစ်သူ၏နေအိမ်ကို စကစများက လာရောက်ဖျက်ဆီးသွားခဲ့ပြီး စကစများဘက်မှ ထိုသို့ဖျက်ဆီးခြင်းအား PDF များမှလုပ်ဆောင်သည်ဟု မဟုတ်မမှန်သတင်းလွှင့်ခဲ့သည်။
- ဧပြီလ(၁၈)ရက်နေ့ညနေ(၅)နာရီခန့်က ပုသိမ်ကြီးမြို့နယ်၊ ကန်ကောက်အရှေ့ရွာရှိ နေအိမ်တစ်အိမ်သို့ စကစများ အရပ်ဝတ်နှင့်ကျည်ကာများ ဝတ်ဆင်ကာ Alphard 1J-8064 အနက်ရောင် ၁ စီး၊ Wish ပုလဲဖြူရောင်ကား(၁)စီး၊ ရွှေငါး ၁ စီးဖြင့် အရှေ့အနောက်ပိတ်ဝင်ရောက်ကာ အိမ်တံခါးများကို သေနတ်ဖြင့် ပစ်ခတ်ပြီး ဝင်ရောက်စီးနင်းမှုဖြစ်ပွားခဲ့သည်။စကစများက လူ(၅)ဦးခန့်ကို ထိုးကြိတ်ခဲ့ပြီး ပစ္စည်းများအကုန် ယူကာ ဖမ်းဆီးခဲ့သည်။